
၁၉၇၉ ခုနှစ်တုန်းက Computer ခေတ်မဟုတ်သေးပေမဲ့ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဒီလောက်ထိအောင် ဆောင်ရွက်တော်မူခဲ့တယ်။ ခုခေတ် သာသနာ ပြုတော်မူကြတဲ့အခါ ဘယ်လောက်ထိ ကြိုးစားနိုင်ကြပါသလဲ ? နှိုင်းယှဉ်ကြည့်ပြီး အတုယူကြိုးစားကြမယ်ဆိုရင် မြတ်စွာဘုရား၏ အဆုံးမသာသနာတော်သည် စစ်မှန် သော လမ်းဆုံးပန်းတိုင် နိဗ္ဗာန်တိုင်အောင် ကျင့်နည်းမှန်များ တည်တံ့နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။



ဆရာတော်ဘုရားကြီး အမေရိကန်ပြည် ဘာရီကမ္မဋ္ဌာန်းဌာန၌
အင်္ဂလိပ်ဘာသာဖြင့် တရားဟောတော်မူစဉ်။

၁၉၇၉-ခုတွင် ဥရောပနှင့် အမေရိကတိုက်သို့ သာသနာပြုခရီး ကြွရောက်တော်မူရန် ပြင်ဆင်သောအခါ အနောက်နိုင်ငံတွင် စာနှင့်ဖတ်၍ ဟောကြားသည့် အလေ့အထရှိကြောင်း သိတော်မူရ၍ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓအဆုံးအမ သာသနာတော်၏ အနှစ်သာရကို သိရှိနားလည်ကြစေရန် တရားတော်များကို ကြိုတင်စီစဉ်ခဲ့လေသည်။

ထိုတရားများမှာ အမြတ်ဆုံးတရားတော်၊ ဗုဒ္ဓသာသနာတရားတော်၊ သတိပဋ္ဌာန်တရားတော်(ပ၊ ဒု)နှင့် ချမ်းသာရေးတရားတော်များဖြစ်ပါသည်။

အမြတ်ဆုံးတရားတော်ကို ဦးညီညီက ဘာသာပြန်၍ ကျန်တရားများကို ဦးသာနိုးက ဘာသာပြန်ပါသည်။ ထိုကာလသည် ဆရာတော်ဘုရားကြီး မြစ်ဝကျွန်းပေါ်ဒေသ၌ လှည့်လည်၍ တရားဟောနေတော်မူလျက်ရှိသောကာလ ဖြစ်ရာ ညတရားပွဲပြီးချိန် ကျောင်း ပြန်ရောက်တိုင်း အင်္ဂလိပ်ဘာသာပြန် စာမူဖိုင်များကို ကြည့်ရှုစစ်ဆေးတော်မူပါသည်။

ကောင်းစွာစစ်ဆေးပြီး အချို့ နေရာများတွင် ပြင်ဆင်ကာ ရေးသားတော်မူပါသည်။ အချို့ ဘာသာပြန် ဝေါဟာရတို့မှာ မိမိယူဆချက်ကို ငုံမိနိုင်အောင် တိကျသောအဓိပ္ပာယ် မရရှိနိုင်ခြင်းတို့ကြောင့် ဆရာတော်ဘုရားကြီးသည် စာမူတို့ကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုစစ်ဆေးတော်မူပါသည်။ အချို့ လျှောက်ထားချက်တို့ကို ရုတ်ချည်း လက်ခံတော်မမူဘဲ ဝက်ဘ်စတာ အင်္ဂလိပ် အဘိဓာန်ကျမ်းကြီးတွင် ရှာဖွေကြည့်ရှုပြီး ဟုတ်မှန်မှသာ လက်ခံတော်မူပါသည်။

ထို့ကြောင့်ပင် သပြေကန်ဆရာတော်ဘုရားကြီးက "စေ့စပ်သေချာတဲ့နေရာမှာ မဟာစည်ဆရာတော်ဘုရားကြီးကို 'စံ' ထားရမယ်၊ ဘယ်နေရာမှာမဆို သေသေချာချာ လုပ်တတ်တယ်" ဟု မိန့်တော်မူပါသည်။

စာမူများကို အချောကိုင် တည်းဖြတ်တော်မူပြီး နောက် ဘာသာပြန်ဒကာနှစ်ဦးအား အသံနေ အသံထား နှင့် ရွတ်ဆိုစေကာ အသံသွင်းထားစေပြီးမှ ထိုအသံကို ဆရာတော်ဘုရားကြီးက စာမူနှင့်တိုက်ကာ နာယူတော်မူ ပါသည်။ ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တော်တိုင် စမ်းသပ်ရွတ်ဆို၍ စနစ်တကျရှိပြီဟု ယူဆသောအခါကျမှ အသံသွင်းတော်မူပါသည်။ နောက်ဆုံးအဆင့် အသံသွင်းမှု ကို လူခြေတိတ်ချိန် ညဉ့် ၁-နာရီမှစ၍ ဆောင်ရွက်တော် မူပါသည်။

ဆရာတော်ဘုရားကြီးသည် ကျိန်းစက်ရန် အချိန်၊ အနားယူရန် အချိန်တို့ကို နည်းစေလျက် ရက်ပိုင်း လပိုင်း မျှသာ ကျန်တော့သည့် အနောက်ဥရောပ သာသနာပြု ခရီးအတွက် သက်တော်ရွယ်တော်နှင့် မမျှအောင်ပင် ပြင်ဆင်နေတော်မူခဲ့လေသည်။ သို့ကြောင့် သာသနာပြု ခရီးကြွတော်မူမည့်ရက်တွင် ထိုတရားတော် ၅-ပုဒ်စလုံးကို ဆရာတော်ဘုရားကြီးသည် အသံနေအသံထားနှင့် စနစ် တကျ ဟောတော်မူနိုင်သည်သာမက အလွတ်အာဂုံပင် ရရှိနေတော်မူခဲ့ပြီ ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၊ ဟဝိုင်ရီကျွန်း၊ မြို့တော် ဟိုနို လူလူတွင် ဆရာတော်ကြီးက ဘုရားမြတ်စွာ၏ အမြတ်ဆုံး တရားတော်ကို ကိုယ်တော်တိုင် အင်္ဂလိပ်လို ဟောပြော တော်မူ၍ ပထမဦးစွာ ဝိပဿနာတရားမျိုးစေ့ကို ချတော် မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ပြည်ပ သာသနာပြု ခရီးစဉ်တွင် သီတင်းသုံးခဲ့ရသော ဟိုတယ်များ၌ တစ်မိုး တစ်ရံတည်းအတွင်း အမျိုးသမီးများရှိနိုင်ရာ တစ်ညမျှ ကျိန်းခဲ့သော သဟသေယျသိက္ခာပုဒ်ဖြင့် အာပါတ်မှ လွတ် စေခြင်းငှာ နိသဇ္ဇိမုတင် ဆောက်တည်၍ နိုင်ငံ ၆-ခုတို့၌ ညပေါင်း ၂၀-ထက်မနည်း လျောင်းအိပ်စက်ခြင်း အလျှင်း မပြုဘဲ ထိုင်လျက်သာ သီတင်းသုံးတော်မူခဲ့လေ၏။

မြန်မာနိုင်ငံမှ သာသနာရေးမစ်ရှင် အဖွဲ့သည် ၁၃၁၉-ခုနှစ်၊ နယုန်လဆန်းတွင် ဂျပန်နိုင်ငံသို့ ကြွရောက်တော်မူကြသည်၊ ထိုအဖွဲ့တွင် ဝေဠုဝန်ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ၊ မြင်းခြံကိုးဆောင်တိုက်ဆရာတော် အရှင်သောဘိတ၊ ဂျပန်သာသနာပြုဆရာတော် အရှင်ခေမိန္ဒတို့ ပါဝင်သည်။

ဂျပန်ပြည်အတွင်း သာသနာပြုရာ ညလုံးပေါက်မီးရထား ခရီးစဉ်၌ မဟာစည်ဆရာတော်သည်သာ ငိုက်မျဉ်းခြင်း အလျှင်းမရှိကြောင်း၊ ဝိနည်း၌ အထူး လေးစားလိုက်နာကြောင်း၊ အနီးစခန်းဆရာတော် အရှင်ပဏ္ဍိတ (၁၂၆၁-၁၃၃၄)က ထုတ်ဖော်ချီးကျူးခဲ့လေသည်။